FORB Learning Platform

# ဇာတ်ညွှန်း : လွတ်လပ်စွာ ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်မှု အကြောင်းအရာများ - မိဘနှင့် သားသမီးများ

ကိုးကွယ်ရာဘာသာ (သို့) သက်ဝင်ယုံကြည်မှုနှင့် ပတ်သက်ပြီး မိဘနှင့် သားသမီးကြား ရှိအပ်တဲ့ လွတ်လပ်ခွင့်ကို အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အပိုဒ် - ၁၈ မှာ အထူးဖော်ပြပေးထားပါတယ်။ ဒီအပိုဒ်အရ မိဘများနဲ့ တရားဝင်အုပ်ထိန်းသူများဟာ မိမိတို့ကလေးတွေရဲ့ ဘာသာရေး နှင့် ကိုယ်ကျင့်တရားဆိုင်ရာ ပညာတို့ကို လွတ်လပ်စွာ သင်ကြားပို့ချခွင့်ပေးထားပြီး မိမိတို့ယုံကြည်ချက်နှင့်အညီ မိသားစုဘဝကို တည်ဆောက်ခွင့်ပေးထားပါတယ်။

ဒါပေမယ့် အရွယ်ရောက်ပြီးတဲ့ သူတွေသာ လူ့အခွင့်အရေးရရှိတာ မဟုတ်ပါဘူး။ ကလေးတွေမှာလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့် ရှိပါတယ်။ ဥပမာ- ယုံကြည်မှုတူညီသူလူတစ်စုရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခွင့်နဲ့ ဘာသာရေးပွဲတော်များ (သို့) ကိုးကွယ်ဝတ်ပြုခြင်းတွေမှာ ပါဝင်ဆင်နွှဲနိုင်ခွင့်ရှိပါတယ်။

ကလေးတွေမှာ မိဘများ (သို့) တရားဂင်အုပ်ထိန်းသူများရဲ့သဘောထားနဲ့အညီ ဘာသာရေး အသိပညာတွေ သင်ကြားခွင့်ရှိပါတယ်။ သူတို့မိဘရဲ့ သဘောထားကို ဆန့်ကျင်ပြီး ဘာသာရေးသက်ဂင်ယုံကြည်မှုလမ်းညွှန်ချက်တွေကို လိုက်နာကျင့်သုံးဖို့ အတင်းတိုက်တွန်းခွင့် မရှိသလို အရွယ်ရောက်လာတဲ့ ကလေးတွေရဲ့ သဘောထားကိုလည်း အသေအချာထည့်သွင်း စဉ်းစားရမှာ ဖြစ်ပါတယ်။

ဒီအခွင့်အရေးတွေ ချိုးဖောက်ခံရတဲ့ သာဓကများစွာရှိပါတယ်။ အာရှအလယ်ပိုင်းနိုင်ငံတွေထဲက ဆိုဗီယက်မှာ ဆိုရင် အစိုးရက လူမှုဂန်းကျင်တစ်ခုလုံးကို ထိန်းချုပ်ချင်တာဟာ သူတို့သမိုင်းကြောင်း အမွေအနှစ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ဥပမာ - တာဂျစ်ကစ္စတန်နိုင်ငံက အသက်-၁၈ နှစ်အောက် ကလေးတွေဟာ ဈာပနအခမ်းအနားကလွဲပြီး ဘာသာရေးဝတ်ပြုခြင်းကိုးကွယ်ခြင်း (သို့) ပွဲတော်မှာ ပါဂင်ဆင်နွှဲခွင့်ကို ဥပဒေနဲ့ တားမြစ်ထားပါတယ်။ အာရှအလယ်ပိုင်းက နိုင်ငံတွေမှာ အစိုးရက ကျောင်းနေအရွယ်ကလေးတွေ ဗလီကျောင်းနှင့် ခရစ်ယာန်ဘုရားကျောင်း တက်တဲ့သူတွေ၊ နွေရာသီစခန်းသွင်းအစီအစဉ်မှာ ပါဂင်သူတွေကို စစ်ဆေးမေးမြန်းတာနဲ့ ထိပါး နှောက်ယှက်တာတွေ ပြုလုပ်ခဲ့ပြီး စာသင်ကျောင်းမှာ ကလေးတွေကို လူပုံအလယ် ရှုတ်ချမှုတွေလည်း ပြုလုပ်ခဲ့ကြတယ်။

တချို့အစိုးရက ကလေးတွေ ဘာသာရေးလိုက်စားခြင်းကို တားမြစ်ထားပါတယ်။ တချို့အစိုးရတွေကျတော့ လူနည်းစုဘာသာဂင်မှ ကလေးတွေကို လူအများစုကိုးကွယ်တဲ့

ဘာသာဆီ ကူးပြောင်းလာဖို့ ရည်ရွယ်တဲ့ ဘာသာရေးသွန်သင်ချက်တွေ လိုက်နာဖို့ အတင်းတိုက်တွန်းခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ရမည့်အစား ကလေးများဟာ ဘာသာရေး သွက်သွင်း သွန်သင်ချက်များမှ ကင်းလွတ်နိုင်ခွင့်ကို သီအိုရီအရ သာမဟုတ်၊ လက်တွေ့ကျကျ ရရှိနိုင်အောင် အသေအချာဆောင်ရွက်ပေးဖို့ အစိုးရတွေမှာ တာဝန်ရှိပါတယ်။

တူရကီနိုင်ငံက ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှု၊ ကျင့်ဝတ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းနဲ့ ဖတ်စာအုပ်တွေကို ပြန်လည်ပြင်ဆင်မှုတွေလုပ်နေပေမဲ့ ဘာသာသွက်သွင်းခြင်းဆိုင်ရာ သင်ကြားချက်တွေ ဆက်လက်ပါဝင်နေဆဲဖြစ်ပါတယ်။ သီအိုရီအရ ဂျူးဘာသာဝင်နဲ့ ခရစ်ယာန်ဘာသာဝင် ကလေးတွေကို ကင်းလွတ်ခွင့်ပေးထားပေမယ့် လက်တွေ့မှာတော့ အဲဒီကင်းလွတ်ခွင့်ကို တောင်းဆိုဖို့ ခက်ခဲနေသလို ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အလဗ်ဗီ(Alevi)၊ ဘဟာအီ (Baha'i)၊ ဘာသာမဲ့ (သို့) ဘုရားတရားမယုံကြည်တဲ့ မိသားစု (သို့) သက်ဝင်ယုံကြည်မှု သီးခြားရှိနေတဲ့ ကျောင်းသားတွေ အဲဒီအတန်းကို မဖြစ်မနေ အတင်းတက်ခိုင်းခဲ့ပါတယ်။ ဒီဥပမာတွေမှာ မိဘနှင့်သားသမီးတွေရဲ့ အခွင့်အရေးဟာ ချိုးဖောက်ခံနေခဲ့ရပါတယ်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (စီအာစီ) ကို မကျင့်သုံးခင် အချိန်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအနေ နှင့် ကလေးတွေရဲ့အခွင့်အရေးကို သီးခြားဆွေးနွေးမှုတွေ မလုပ်ခဲ့ပါဘူး။ ဒီစာချုပ် ကသာလျှင် ကလေးတွေကို အခွင့်အရေးရပိုင်ခွင့်ရှိသူအဖြစ် ပိုမိုလေးနက်စွာဖော်ပြပြီး သူတို့ရဲ့ လွတ်လပ်စွာ ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်ခြင်း ရပိုင်ခွင့်ကို အပိုဒ် ၁၄ အရ ရရှိစေခဲ့ပါတယ်။

အပိုဒ်(၁၄) မှ ကလေးတွေဟာ လွတ်လပ်ပြီး ထိခိုက်မှုခံရလွယ်ခြင်း၊ သူတို့ရဲ့ လွတ်လပ်တဲ့ ကိုးကွယ်မှုနှင့် သက်ဝင်ယုံကြည်မှုတွေ ကျင့်သုံးရာမှာ မိဘတွေရဲ့ အကူအညီနှင့် ထိန်းကျောင်းမှု လိုအပ်ကြောင်းကို ဖော်ပြပေးထားပါတယ်။ အထူးသဖြင့် အစိုးရနဲ့ ပတ်သက်လာရင်ပေါ့။

အခြေခံစည်းမျဉ်းအရ ကလေးတွေရဲ့ကိစ္စရပ်အားလုံးကို လမ်းညွှန်ပေးတာဟာ ကလေးတွေရဲ့ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ပေးဖို့ဖြစ်ရမယ်လို့ စာချုပ်မှာ ဖော်ပြထားပါတယ်။ ပြီးတော့ ကလေးတွေအပေါ် သက်ရောက်နေတဲ့ ကိစ္စရပ်အားလုံးအပေါ် သူတို့ရဲ့ အမြင်တွေကို ထုတ်ဖော်နိုင်ဖို့ ကလေးအခွင့်အရေးတွေကိုလည်း အသားပေးဖော်ပြထားပါတယ်။ ဒါပေမယ့် ဒီကလေးသူငယ်တွေရဲ့ အကောင်းဆုံးအကျိုးစီးပွားအတွက် နောက်ဆုံး ဆုံးဖြတ်ပေးတာနဲ့ ကလေးတွေကိုယ်စား တောင်းဆိုပေးတာက အရွယ်ရောက်ပြီးသူတွေနဲ့ မိဘတွေဘဲ ဖြစ်ပါတယ်။

ဘယ်လိုဘဲ ဖြစ်နေပါစေ၊ တခါတရံမှာ ကလေးတွေနဲ့ မိဘတွေရဲ့ အကျိုးစီးပွားဟာ ကွဲပြားတတ်ပါတယ်။ ဒီလိုအခြေအနေမှာ ကလေးသူငယ်တွေရဲ့ လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်ကို မိဘတွေရဲ့ အလားတူလွတ်လပ်ခွင့်တွေနဲ့ ချိန်ညှိရပါမယ်။

ဥပမာ - ကလေးတွေအနေနဲ့ သူ့ရဲ့ဘာသာတရားကိုင်းရှိုင်းမှုနှင့် သက်ဂင်ယုံကြည်မှုကို ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ ဘယ်အသက်အရွယ်မှာ ရွေးချယ်ခွင့် ရှိသလဲ။ ဘုရားကျောင်းဂန်ကို ကော သွားချင်တဲ့ ဆန္ဒရှိရဲ့လားပေါ့။

ကလေးအခွင့်အရေးဆိုင်ရာ စာချုပ်အရ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုအပေါ် မိဘတွေရဲ့ လမ်းညွှန်မှုဟာ ကလေးတွေရဲ့ ဖွံ့ဖြိုးလာတဲ့ စွမ်းဆောင်ရည်နှင့်အညီ လုပ်ဆောင်ပေး ရမှာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ကလေးအနေနဲ့ အသက်ကြီးလာပြီး ရင့်ကျက်မှု ရှိလာတာနဲ့အမျှ သူတို့ရသင့်တဲ့ အခွင့်အရေးတွေ ပိုမိုရရှိလာရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာ ဥပဒေထုံးတမ်းအရ အရွယ်ရောက် အသက် ပြည့်မှီမှုဟာ ၁၈ နှစ် ဖြစ်ပါတယ်။ ဒါ ပေမယ့် ကလေးတွေရဲ့ လွတ်လပ်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှု ဘယ်လောက်အထိရှိနေလဲလို့ မေးရရင် ဒါဟာ ကလေးတွေ ငယ်စဉ်ကတည်းက ကြီးပြင်းခဲ့တဲ့ ယဉ်ကျေးမှုနှင့် ဒေသအခြေအနေတွေရဲ့ ကြီးမားတဲ့ ကွဲပြားခြားနားမှုနဲ့ သက်ဆိုင်နေပါလိမ့်မယ်။  နိုင်ငံတိုင်းမှာ မတူညီတဲ့ သူ့ဥပဒေနဲ့ သူ့စည်းမျဉ်းတွေ ရှိပါတယ်။ ဥပမာ - ဆွီဒင်နိုင်ငံက အသက် ၁၂ နှစ်အရွယ်နှင့်အထက် ကလေးတွေကို သူတို့ဆန္ဒမပါပဲ ဘာသာရေး အဖွဲ့တခုခုရဲ့ အဖွဲ့ဂင်လုပ်ခိုင်းလို့ မရပါဘူး။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ဟာ မိဘတွေက ကလေးတွေကို ဘယ်လိုပြုစုပျိုးထောင်ရမယ်၊ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုကို ဆောက်တည်တဲ့အခါ ကလေးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ကျန်းမာရေး (သို့) ဖွံ့ဖြိုးတိုးတက်ရေးတွေ မထိခိုက်စေဖို့ ကမ္ဘာသုံးစံနှုန်း တစ်ခုကို ထုထောင်ပေးခဲ့ပါတယ်။

မိဘတွေရဲ့ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်နှင့် သားသမီးတွေရဲ့ အခွင့်အရေးနဲ့ ပတ်သက်တဲ့ အဖြစ်အပျက်တွေဟာ တရားရုံးကို ရောက်ခဲ့ပါတယ်။  ဒါပေမယ့် ယေဟောဂါ (Jehovah) သက်သေခံတွေရဲ့ သားသမီးတွေ သွေးသွင်းခြင်းကို တားမြစ်ထားခြင်း အပေါ် တရားရုံးက မိဘတွေရဲ့ ဘာသာရေး (သို့) သက်ဂင်ယုံကြည်မှု လွတ်လပ်ခွင့်ကို ဆန့်ကျင်ပြီး  ကလေးတွေရဲ့ အသက်ရှင်သန်ခွင့်အတွက် ထိန်းချုပ်ခဲ့တဲ့ သာဓကတစ်ခုရှိပါတယ်။

အကျဉ်းချုပ်ပြောရရင် ဒီရုပ်ရှင်မှာ မိဘတွေနဲ့ သားသမီးတွေရဲ့ အခွင့်အရေးကို ကျွန်ုပ် တို့ လေ့လာခြင်းဖြစ်ပါတယ်။

ကလေးတွေမှာ လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်ရှိပြီး မိဘတွေမှာ လည်း သူတို့ရဲ့သက်ဝင်ယုံကြည်မှုအတိုင်း သားသမီးတွေကိုပြုစုပျိုးထောင်ခွင့် ရှိပါတယ်။ ဒီလို ပျိုးထောင်တဲ့အခါမှာ သားသမီးတွေရဲ့ ဖွံ့ဖြိုးလာတဲ့ ရင့်ကျက်မှုနှင့် မိမိတို့ဆောက်တည်ကျင့်သုံးတဲ့ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုဟာ ကလေးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ကျန်းမာရေး

(သို့) ဖွံ့ဖြိုးတိုးတက်ရေးတွေကို ထိခိုက်မှု မဖြစ်စေရပါဘူး။   အခွင့်အရေး ချိုးဖောက်တဲ့ သာဓကတွေထဲမှာ နိုင်ငံတော်အစိုးရက ကလေးတွေ ဘာသာရေး လိုက်စားမှုကို ပိတ်ပင်တားမြစ်တာတွေ၊ လူနည်းစု ကလေးတွေကို လူအများစုကိုးကွယ်တဲ့ ဘာသာရေး ကျင့်စဉ်တွေလိုက်နာဖို့ အတင်းတိုက်တွန်းတာတွေ ပါဝင်ပါတယ်။

လူ့အခွင့်အရေးအကြောင်းအရာအပြင် ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်နဲ့ ဆက်စပ်တဲ့ မိဘများနဲ့ သားသမီးများရဲ့ လွတ်လပ်ခွင့် အသေးစိတ်အကြောင်းအရာကို ဝက်ဘ်ဆိုက်မှာ တင်ထားတဲ့ သင်ထောက်ကူ အကြောင်းအရာတွေမှာ ပိုမိုရှာဖွေလေ့လာနိုင်ပါတယ်။

မူပိုင် - SMC 2018